# နိုင်ငံတကာလူ့အခွင့်အရေးနေ့အထိမ်းအမှတ် လူထုချီတက်ဆန္ဒပြပွဲ စည်ကားသိုက်မြိုက်စွာ ဂျပန်နိုင်ငံ၌ကျင်းပပြုလုပ်

ဒီဇင်ဘာ ၁၀ ရက်နေ့မှာကျရောက်သည့် နိုင်ငံတကာလူ့အခွင့်အရေးနေ့အထိမ်း အမှတ်လူထုချီတက်ဆန္ဒပြပွဲတခုကို ဒီဇင်ဘာ ၉ ရက်(တနင်္ဂနွေ)နေ့မှာ ကျင်းပပြုလုပ် သွားခဲ့ကြပါတယ်။

**Ebisu**ဘူတာအနီးရှိ **Ebisu**ပန်းခြံ၌ ဆုံရပ်အဖြစ်သတ်မှတ်ကာ နေ့ လယ် ၁း၃၀ တိတိတွင် စတင်ထွက်ခွာခဲ့ကြပြီး လူစည်ကားရာနေရာဖြစ်သော **Shibuya** ရပ်ကွက်ရှိ ကုလသမဂ္ဂအဆောက်အဦရှေ့သို့ဖြတ်လျှောက်၍ *'လူသားတိုင်းရဲ့ မွေးရာပါလူ့အခွင့်အရေးကိစ္စများကို လေးစားကြ၊ အာဏာရှင်ဆန်တဲ့အုပ်ချုပ်မှုတွေ ကျဆုံးပါစေ၊ အာဆီယံနိုင်ငံဝင်များလည်း နိုင်ငံတကာလူ့အခွင့်အရေးကိစ္စများကို လိုက်နာပါ၊ လွတ်လပ်မှုနဲ့လူ့အခွင့်အရေးကိစ္စတွေကို ဦးစားပေးဆောင်ရွက်ပါ'* အစရှိသည့် ကြွေးကြော်သံများကို ဂျပန်–အင်္ဂလိပ်နှစ်ဘာသာဖြင့် ကြွေးကြော်၍ခဲ့ကြပါတယ်။

ရာနှင့်ချီ၍ တက်ရောက်ခဲ့ကြသော နိုင်ငံတကာလူ့အခွင့်အရေးအထိမ်းအမှတ် လူထုချီတက်ဆန္ဒပြပွဲကို **Amnestry internationl(Japan)**မှ ဦးဆောင်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး၊ မြန်မာ့ရေးရာပြည်သူ့အဖွဲ့(**People's Forum on Burma-PFB**)၊ ဂျပန်နိုင်ငံရောက် မြန်မာဒီမိုကရေစီရေးလုပ်ဆောင်နေကြသည့် အဖွဲ့အစည်းများ(အရေးပေါ်ပူးပေါင်းလုပ်ရှားမှုကော်မတီ–**JAC**)၊ မြန်မာတိုင်းရင်းသားလူမျိုးများ၊ လူမှုရေးလုပ်ငန်းလုပ်ဆောင်နေကြသည့် ဂျပန်အန်ဂျီအိုများနှင့် အာရှနွယ်ဖွားနိုင်ငံသားများ(ဖိလစ်ပိုင်၊ မလေးရှား၊ လားအို) တို့ပါပူးပေါင်း၍ စည်စည်ကားကားပြုလုပ်ခဲ့ကြခြင်းဖြစ်ပါတယ်။





ဖိလစ်ပိုင်အမျိုးသမီးတဦးနှင့် **Amnestry internationl(Japan)**မှ တာဝန်ရှိသူတဦးတို့မှ အမှာစကားပြောကြားနေပုံ






Revolution for Human Rights




国民的和解を
するなら
スーチーさん
との対話を
即時始めろ!


RESIST STATE TERRORISM! STOP THE KILLINGS NOW!
STOP! Political Repression in the Philippines!
Migrante - Japan


Human Rights and Freedom for INDONESIA
Human Rights and Freedom for MALAYSIA


Human Rights and Freedom for LAOS
Human Rights Now

